## စာရေးနည်းအကြံပေးချက်

စာရေးနည်းအကြောင်း ရေးချင်တယ်။ စာရေးဆရာမ လမင်းအိမ် ရေးသားတဲ့ "စာရေးဆရာနှင့် ရေးစရာစာ" ဆိုတဲ့ စာအုပ်ကိုဖတ်ရပြီး စာရေးနည်းအကြောင်းကို ရေးချင်စိတ်ပေါ်မိပါတယ်။ ဆရာချစ်စံဝင်း ကတော် ဒေါ်မော်မော် (စာရေးဆရာမ လမင်းအိမ်)က ပန်းမျိုးတစ်ရာစာပေမှ ထုတ်ဝေတဲ့ သူရေးသောစာအုပ်ကို နေပြည်တော်ရှိ ဦးဦးထံသို့ မေတ္တာလက်ဆောင်ပေးပို့လို့ အောက်တိုဘာလ (၁၅)ရက်က လက်ခံရရှိခဲ့ပါတယ်။ ဒီစာဟာ မမမော်က မိမိဆီကို တကူးတကနဲ့ ပေးပို့လိုက်တဲ့ လက်ဆောင်မွန်စာအုပ်ရဲ့ ပဲ့တင်သံလို့ဆိုချင်လည်း ရပါတယ်။ မမမော်ရေးတဲ့ စာအုပ်ကို ဂုဏ်ပြုတဲ့လက်ခုပ်သံဆိုရင်လည်း ဟုတ်ပါတယ်။ သူ့ရဲ့စာအုပ်ထဲမှာ -

"စာရေးသားကြည့်ကြစမ်းပါ။

စာရေးဖို့ စိတ်ကူးကြည့်စမ်းပါ။"

ဘယ်နေရာမှာ ဘယ်လောက်ပဲတူတူ ဆူဆန်ဗီးလ်ထောင်ကြီးဟာ အခြားအရာတွေကို အတူတူဖြစ်အောင်လုပ်နိုင်ပေမယ့် စာရေးတာကိုတော့ အတူတူဖြစ်အောင် မလုပ်နိုင်ပါဘူး။ တစ်ဦးချင်းစီဟာ စာရေးသားတဲ့နေရာမှာတော့ ကွဲပြားခြားနားသွားမှာဖြစ်ပါတယ်။ ကိုယ့်အတွေး၊ ကိုယ့်ရေးသားချက်တွေဟာ သူ့အတွေး၊ သူ့ရေးသားချက်တွေနဲ့ လုံးဝကွဲပြားခြားနားသွားခဲ့ပြီး အနုပညာအားလုံးထဲမှာ စာရေးသားခြင်း အတတ်ပညာဟာ လွတ်လပ်မှုအရှိဆုံးပါပဲ။ ကန့်သတ်ချုပ်ချယ်မှုကင်းပြီး ကိုယ်ရေးသားပြုစုတဲ့ စကားလုံးတိုင်း၊ အက္ခရာတိုင်းကို ကိုယ်ပိုင်ပါတယ်။ ကလောင်ကို ကိုင်လိုက်ခြင်းဟာ စေလိုရာစေ ဆေးတစ်လုံးကို မျိုချလိုက် ရသလိုပါပဲတဲ့။ ဟုတ်ပါတယ်။

စာရေးကြပါ။

စာရေးဖို့ရာ မခက်ပါ။

စာရေးမယ်ဆိုရင် အောက်ပါအချက်တွေကို အကြံပြုချင်ပါတယ်-

၁။ ရည်ရွယ်ချက်ကဘာလဲ။ တိတိကျကျ စဉ်းစားသတ်မှတ်သင့်တယ်။

၂။ ရည်ရွယ်ချက်နဲ့ဆိုင်တဲ့အမြင် ဘာလဲ။ အဲဒါရှိရပါမယ်။

၃။ ရှင်းရှင်းတွေးရမယ်။ အတွေးရှင်းလင်းရပါမယ်။

၄။ ရှင်းရှင်းလင်းလင်း ရေးရမယ်။ ဝါကျကို တိုတိုရေးသင့်တယ်။

၅။ အရေးအသားဟာ အနည်းဆုံးအဆင့် ဖတ်ချင်စဖွယ်တော့ ရှိရပါမယ်။ ဖတ်ချင်အောင် ဆွဲဆောင်ရေးသားသင့်တယ်။

၆။ သတ်ပုံ မှန်ကန်သင့်တယ်။ သတ်ပုံစာအုပ် ဆောင်ထားပါ။ မသေချာရင် စစ်ဆေးကြည့်ပါ။ မပျင်းပါနဲ့။

၇။ စကားလုံးရွေးချယ်မှု ဆီလျော်ရမယ်။

၈။ သဒ္ဒါရေးထုံး မှန်ကန်ရပါမယ်။

၉။ စာပိုဒ်ဖွဲ့စည်းမှုနှင့် အစီအစဉ် ရှေ့နောက်ပြေပြစ်ညီညွတ်ရပါမယ်။

၁၀။ မိမိရေးလိုတဲ့အချက်ကို ပေါ်လွင်အောင် ရေးပြရမယ်။

၁၁။ စာဖတ်သူကို ဆက်ဖတ်ချင်အောင် အားထုတ်ရပါမယ်။

၁၂။ သဒ္ဒါ၊ သတ်ပုံ၊ အဘိဓာန်၊ ပုံပြင်၊ နိပါတ်၊ ဓမ္မပဒ၊ ဇာတ်ကြီးဆယ်ဘွဲ့နှင့် ထင်ရှားကျော်ကြားတဲ့ စာအုပ်များ။ လူကြိုက်များတဲ့ စာအုပ်များကို ကြိုးစားပြီးဖတ်ရမယ်။ ဖတ်သင့်တဲ့စာအုပ် နမူနာအချို့ကို ဖော်ပြပါရစေ...။

(၁) ပီမိုးနင်း - နေရီရီ
(၂) တင့်တယ် - ကမ္ဘဖလ
(၃) သာမှ - အတာ
(၄) သော်တာဆွေ - ကျွန်တော့်ဘဝဇာတ်ကြောင်း
(၅) ခင်နှင်းယု - မွေး
(၆) အောင်လင်း - အရိုင်းစံပယ်
(၇) ရွှေဥဒေါင်း - စုံထောက်မောင်စံရှား
(၈) တက္ကသိုလ်ဘုန်းနိုင် - သူငယ်ချင်းလို့ပဲဆက်၍ခေါ်မည်ခိုင်
(၉) မြသန်းတင့် - ဓားတောင်ကိုကျော်၍မီးပင်လယ်ကိုဖြတ်မည်
(၁၀) ချစ်ဦးညို - လက်ာဒီပချစ်သူ
(၁၁) မင်းလူ - သူငယ်ချင်းတစ်ယောက်အကြောင်း
(၁၂) သုခ - သုခမှတ်စု
(၁၃) နန္ဒာသိန်းဇံ - ခယောင်းလမ်းကိုဖြတ်ကျော်ခြင်း
(၁၄) အရှင်ဇနကာဘိဝံသ - ကိုယ်ကျင့်အဘိဓမ္မာ
(၁၅) ဒေါက်တာလှဘေ - အတွေ့အကြုံအဆုံအမြင်နှင့်အတွေးအမြင်
(၁၆) မောင်ခင်မင်(ဓနုဖြူ) - မြန်မာစကားပြေအရေးအသား
(၁၇) ဦးဘေမောင်တင် - မြန်မာစာပေသမိုင်း
(၁၈) ဒေါက်တာနိုင်ပန်းလှ - ရာဇာဓိရာဇ်အရေးတော်ပုံ

(ဒီစာအုပ်တွေကို မဖတ်မီက အသိအမြင်နဲ့ ဖတ်ရှုလေ့လာပြီး ရရှိလာတဲ့ အသိအမြင်ဟာ များစွာကွာခြား တိုးတက်လာတာ ကိုယ်တွေ့သတိပြုမိလာပါလိမ့်မယ်။ အင်္ဂလိပ်စာအုပ်များ၊ ဘာသာပြန် ထင်ရှားတဲ့စာအုပ်များ ကိုလည်း ဖတ်သင့်ပါတယ်။ အရည်အချင်းရှိတဲ့ စာရေးသူဖြစ်အောင် ကြိုးစားမယ်လို့ ခံယူချက်ရှိထားရမယ်နော်။ အပျော်တမ်းစာရေးဆရာဖြစ်ချင်လို့၊ နာမည်ကျော်ချင်လို့ဆိုရင် တာရှည်မခံဘူး။)

၁၃။ စာများများ ရေးရပါမယ်။ နေ့စဉ်မှတ်တမ်းရေးရမယ်။ စိတ်ကူးထဲပေါ်ရာကို မှတ်စုရေးထားရမယ်။ ခရီးသွားရင် ခရီးသွားမှတ်တမ်းရေးရမယ်။ တစ်နေ့တစ်နေ့ အချိန်ရသမျှ ရေးနေရမယ်နော်။ ရေးစရာ စဉ်းစားမရရင် ကိုယ်ကြိုက်တဲ့စာအုပ်ထဲက စာပိုဒ်၊ ဝါကျ၊ ကဗျာလင်္ကာတွေကို ကူးရေးခြင်းအားဖြင့် လေ့ကျင့်နေသင့်တယ်။ ဗလာစာအုပ်တွေဝယ်ထားပြီး ရေးနေရမယ်။ များများရေးလေလေ စာတွေ ပိုချော လာမယ်။ ပိုကောင်းလာမယ်။ အရည်အသွေးတက်လာမှာ သေချာတယ်။ အာသေဝနပစ္စယသတ္တိဆိုသော အကြိမ်ကြိမ်ဖန်ဖန် ပြုလုပ်ဖန်များလာရင် ဖွံ့ဖြိုးလာတဲ့ သဘောသဘာဝပါပဲ။
၁၄။ စာရေးချင်တဲ့လူဟာ သတင်းစာ၊ ဂျာနယ် မဂ္ဂဇင်းနဲ့ ဝတ္ထုစာအုပ်တွေကို ဖတ်နေရမယ်။ ဘာကောင်းသလဲ။ ဘာညံ့သလဲ။ ငါသာဆိုရင် ဘယ်လိုရေးလိုက်မလဲ။ ဝေဖန်ဆန်းစစ်တဲ့အတွေးနဲ့ ဂရုတစိုက်ဖတ်ရမယ်။ စာများများ ဖတ်ရမယ်။ စာရေးဆရာမှန်သမျှဟာ များစွာဖတ်လာပြီးမှ ရတဲ့အရည်အသွေးကြောင့် စာရေးဆရာ ဖြစ်လာကြတယ်။ တစ်ပွဲတိုးနဲ့ စာရေးဆရာဖြစ်လာသူဟူ၍ မရှိသလောက်ပါပဲ။ ဇွဲရှိရမယ်နော်။ အတုယူ လေ့လာနေရမယ်။
၁၅။ စာစရေးရင် မိမိအပိုင်နိုင်ဆုံး၊ အရင်းနှီးဆုံး၊ အကျွမ်းကျင်ဆုံး အကြောင်းအရာကို ရွေးချယ်ပါ။ မပိုင်တာကို မရေးနဲ့။ မဖြီးရ မဖြန်းရဘူး။ မသေချာတာ၊ မခိုင်လုံဘူးထင်တာကို မရေးနဲ့။ ကိုယ်ယုံကြည်တာကိုရေး။
၁၆။ ရေးပြီးရင် ဒီအတိုင်းမပို့နဲ့ဦး။ လက်ထောက်ပြီး ဖတ်ပါ။ အသံထွက်ပြီး ဖတ်ပါ။ အမှားတွေ့ရင် ပြင်ပါ။ စာမချောရင် ပြင်ရေးပါ။ စစ်ဆေးလေ ကောင်းလေပဲ။

၁၇။ သူတစ်ပါးကို မထိခိုက်မနစ်နာစေရ။ မပုတ်ခတ်ရ။
၁၈။ စာရေးရာမှာ အမုန်း၊ ဒေါသ မပါစေရ။ မထေ့ရမငေါ့ရ။ မလှောင်ရ။ (အဲဒါမျိုးရေးရင် ဖတ်သူက မေတ္တာခန်းသွားတတ်တယ်။ အဲဒီစာမျိုးကို နောင်မဖတ်တော့ဘူး။ ရှောင်တယ်)
၁၉။ စာဖတ်သူအပေါ် ဖျော်ဖြေမှုရသဖြစ်စေ၊ ပညာဗဟုသုတရပါစေ၊ သိပါစေဆိုတဲ့၊ စေတနာတစ်ခုခုတော့ ပါရမယ်။
၂၀။ စာမရေးမီ စိတ်ကောင်းမွေးပါ။ စာရေးနေစဉ် စိတ်ကောင်းစိတ်မြတ်ထားပါ။ ပြီးရင် ဖြူစင်ရိုးသားတဲ့ စိတ်ရင်းကောင်းနဲ့ ပြန်စစ်ပါ။ တည်းဖြတ်ပါ။ မိမိစာကို အကောင်းဆုံးဖြစ်အောင် အထပ်ထပ်စစ်ပြီး ပြုပြင်ပါ။

ရေးသမျှစာတိုင်းဟာ အောက်ပါအချက်များနဲ့ ကိုက်ညီရင်ကောင်းတယ် သမီးရေ-

ဒါတွေဟာ ဦးဦးဉာဏ်မီသမျှ ရှာဖွေစုဆောင်းစဉ်းစားပြီး စေတနာနဲ့ အကြံပေးတာတွေပဲ။ ပြည့်စုံပြီတော့ မဟုတ်ဘူးပေါ့။

၁။ မှန်ရမယ်။
၂။ တရားမျှတရမယ်။
၃။ ရိုးသားရမယ်။
၄။ အကျိုးလိုလားရမယ်။
၆။ အနုပညာရသပါအောင် ကြိုးစားရမယ်နော်။
၇။ အားထုတ်မှု ရှိရပါမယ်။
၈။ စာပေဂုဏ်ရည် ရှိရပါမယ်။
၉။ အခြေအနေအချိန်အခါနဲ့လည်း ကိုက်ညီသင့်တယ်။
၁၀။ ရေးဟန်လေသံက နိုင်ငံကြီးသားပီသယဉ်ကျေးရမယ်။ (ရိုင်းရိုင်းစိုင်းစိုင်း ညစ်ညစ်ပတ်ပတ် မရေးရဘူး)

နည်းမှန်လမ်းမှန်မဟုတ်ရင် အင်မတန်ဝေးကွာခက်ခဲတတ်လို့ လျင်လျင်မြန်မြန် ထိထိရောက်ရောက် ခရီးပေါက်စေချင်တယ်။ နည်းသိရင် မခက်ပါဘူး။ စနစ်မှန်ရင် လွယ်ကူတယ်။ ဘယ်သူမဆို နည်းမှန်စနစ်မှန်နဲ့ ကြိုးစားရင် အောင်မြင်တာပါပဲ။ ကမ္ဘာကျော်စာရေးဆရာကြီးတွေတောင်မှ အကြိမ်ကြိမ်ငြင်းပယ်ခံရတာကို ဇွဲမလျော့ဘဲ ထပ်ခါထပ်ခါ ကြိုးစားခဲ့ကြလို့ ပုံနှိပ်ထုတ်ဝေနိုင်တဲ့ အခြေအနေအဆင့်ကို ရောက်လာရတာပါ။

စာရေးကြစမ်းပါ။ အကြိမ်ကြိမ် ကြိုးစားလိုက်စမ်းပါ။

စာရေးရင်းခံစားရတဲ့ အရသာကို တွေ့ရပါလိမ့်မယ်။

စာဖတ်ကြစမ်းပါ။

စာဖတ်တဲ့အခါ ရရှိလာတဲ့ သုတရသ ဘဝအတွေ့အကြုံတွေဟာ စာဖတ်သူကို ထူးခြားအောင် ပြောင်းလဲတိုးတက်စေနိုင်ကြောင်း ကိုယ်တိုင် ကောင်းကောင်းကြီး တွေ့လာရလိမ့်မယ်။ ချစ်လို့ပြောတာမှတ်ပါ။ သမီးတို့ဘဝ လှပအောင်မြင်စေချင်တာ။

**ချစ်စွာသော**
**ချစ်နိုင်(စိတ်ပညာ)**